အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန
ပြောရေးဆိုခွင့်ရှိသူရုံး

ချက်ချင်းထုတ်ပြန်ရန် ဧပြီ ၁၇၊ ၂၀၁၂
၂၀၁၂/၅၉၁

ဝန်ကြီးကလင်တန်၏ ထုတ်ပြန်ချက်
သင်္ကြန်-နှစ်သစ်ကူးရေသဘင်

သင်တို့ သင်္ကြန်ပွဲတော်ဆင်နွှဲချိန်ဝယ် သမ္မတအိုဘားမားနှင့် အမေရိကန်ပြည်ထောင်စုပြည်သူများကိုယ်စား ကျွန်မက မြန်မာပြည်သူများအား ဝမ်းမြောက်စွာ ဆုမွန်ကောင်းပို့သအပ်ပါသည်။

ကုန်ခဲ့သည့်နှစ်က မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သမိုင်းဝင်လမ်းကြောင်းသစ်ဆီသို့ အရေးပါသော ခြေလှမ်းများကို လှမ်းခဲ့ပါသည်။ သင်တို့က အခွင့်အလမ်းများနှင့်ပြည့်လျှမ်းနေသော ပိုမိုတောက်ပသည့် အနာဂတ်ကို တည်ဆောက်နေစဉ်တွင် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများပိုမိုခိုင်မာလာစေရန် အမေရိကန်ပြည်ထောင်စုက သင်တို့နှင့်ဆက်လက်၍ လက်တွဲလုပ်ဆောင်သွားပါမည်။ ပညာရေးဆိုင်ရာအခွင့်အလမ်းများ တိုးပွားရေးမှသည် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ရေးနှင့် တက်ကြွသော လူမှုအဖွဲ့အစည်းများအား အားပေးရေးတို့အထိပါဝင်သော ဒီမိုကရေစီ တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကိုအားပေးသော ကျယ်ပြန့်သည့်ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ကျွန်မတို့က မျှော်လင့်ထားပါသည်။

ကြွယ်ဝသော အစဉ်အလာနှင့် ယဉ်ကျေးမှုတို့ကို ဂုဏ်ပြုရန်အတွက် သင်တို့သည် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အိမ်နီးချင်းများနှင့် အတူတကွစုဝေးနေခိုက်ဝယ် အမေရိကန်ပြည်ထောင်စုကလည်း ဝမ်းမြောက်ကြောင်းနှင့် ငြိမ်းချမ်းသော၊ စည်ပင်ဝပြောသော မဂ်လာနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။